**KACHIN ASSOCIATION OF AUSTRALIA**

**AUSTRALIA MUNGDAN JINGHPAW WUNPAWNG AMYU SHA HPUNG**

*Servicing the settlement needs of the Kachin people in Australia (Est. 2006)*

NSW Inc No. 988 6130


# ဩစတြေးလျနိုင်ငံရောက် ကချင်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေငြာချက်

**နိုဝင်ဘာလ ၁၁ ရက် ၂၀၁၃**

ဒေါ်အောင်ဆန်းစုကြည်သည် ယခုလအတွင်း ဩစတြေးလျနိုင်ငံသို့ လာရောက်လည်ပတ်ကာ မြန်မာအသိုင်းအဝိုင်း၊ ၎င်း၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း မိမိတို့ ဩစတြေးလျ ကချင်အဖွဲ့အစည်းများက ကြားသိရပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုရန် ကချင်အဖွဲ့အစည်းများကိုလည်း ဖိတ်ကြားထားပါသည်။ သို့သော် မိမိတို့အဖွဲ့အစည်း၏ စုပေါင်းသဘောတူညီချက် အရ အောင်ဆန်းစုကြည်၏ ခရီးစဉ်နှင့် သက်ဆိုင်သည့် မည်သည့် အစီအစဉ်တွင်မျှ မပါဝင်ရန် ဆုံးဖြတ်ထားပါသည်။

ဗမာစစ်တပ်သည် အပြစ်မဲ့ ပြည်သူများကို ခွဲခြားမှုမရှိဘဲ ပစ်မှတ်ထားသည့် ကချင်ထိုးစစ်ကို ရက်စက်ကြမ်းကြုပ်စွာ ဆင်နွှဲလာခဲ့သည်မှာ ၂၉ လခန့် ကြာမြင့်ခဲ့ပြီး၊ ကချင်ပြည်သူ တစ်သိန်းကျော် မိမိနေရပ်မှ စွန့်ခွာထွက်ပြေးကာ အိုးမဲ့အိမ်မဲ့ ဘဝသို့ ရောက်ရှိခဲ့ကြရသည်။ ဗမာစစ်တပ်၏ လက်ချက်ကြောင့် ကချင်လူမျိုးများ အသက်ပေါင်းများစွာ ဆုံးရှုံးနေကြရသည်။ ကချင်ဒေသများတွင် လူမဆန်စွာ အုပ်စုလိုက် မုဒိမ်းမှု ကျူးလွန်သည့် ဗမာစစ်သားများကို တရားဥပဒေအရ အရေးယူအပြစ်ပေးခြင်းမရှိသည့်စနစ်အောက်တွင် ကချင်အမျိုးသမီးငယ်များ ဆက်လက် အဓမ္မပြုကျင့်ခံနေကြရသည်။ အပြစ်မဲ့ပြည်သူအများအပြား ဥပဒေမဲ့ ဖမ်းဆီးခံရခြင်းအပြင်၊ ရက်စက်စွာ နှိပ်စက် ညှင်းပန်းခံနေကြရသည်။ ကချင်ရွာများ မီးရှို့ဖျက်ဆီးခံကြရသည်။ ထိုသို့ လူ့အခွင့်အရေးချိုးဖောက်မှုများ နေ့စဉ်ဖြစ်ပျက်နေပြီး ကချင်ပြည်သူများ၏ ဆင်းရဲဒုက္ခ ပိုမိုဆိုးရွားပြင်းထန်လာသော်လည်း ဒီမိုကရေစီအတိုက်အခံ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံထားရသည့်အပြင်၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဥက္ကဋ္ဌတာဝန်ယူထားသည့် ဒေါ်အောင်ဆန်းစုကြည်သည် နားမလည်နိုင်စွာ တိတ်ဆိတ်နေပြီး၊ လူ့အခွင့်ရေးချိုးဖောက်မှုများကို ရှုံ့ချရမည့်အစား ဗမာစစ်တပ်ကို ချစ်ခင်နှစ်သက်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံတကာမှ ဗမာစစ်တပ်ကို ကူညီပံ့ပိုးရန် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ဗမာစစ်တပ်၏ ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ မေ့မိန်သွားအောင် ပြောဆိုမှုများသည် ကချင်လူထု ရင်ဆိုင်ခံစားနေရသော အခွင့်အရေးချိုးဖောက်မှုများကို ဥပက္ခာ ပြုရာရောက်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သက်ဆိုင်သည့် အစည်းအဝေး အခမ်းအနားများသို့ ကချင်ရိုးရာဝတ်စုံဖြင့် တက်ရောက်သူများသည် ဩစတြေးလျ ကချင်အဖွဲ့အစည်းများကို လုံးဝကိုယ်စားမပြုပါ။ ၎င်းတို့၏ ပြောဆိုချက်များ သည်လည်း သူတို့၏ တစ်သီးပုဂ္ဂလ ပြောဆိုမှုများသာ ဖြစ်ပြီး မိမိတို့ ကချင်လူထုအသိုင်းအဝိုင်း၏ အမြင်ကို ထင်ဟပ်မှုမရှိပါ။ ဩစတြေးလျ ကချင်အဖွဲ့အစည်းများသည် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်နှင့် သက်ဆိုင်သည့် မည်သည့် အခမ်းအနားကိုမျှ မတက်ရောက်ရန်နှင့် မထောက်ခံရန် ဘုံသဘောတူညီချက် ချထားပြီးဖြစ်သည်။

Kachin Association of Australia (KAA NSW)
Kachin Association of Australia (KAA Wagga Wagga)
Kachin Association of Australia (KAA Melbourne)
Queensland Kachin Community (QKC)

Contact Email: kachincampaign@kaa.org.au


Mailing Address: Berala LPO, PO Box 2047, Berala, NSW 2141, Australia
Email: info@kaa.org.au, kachin.aus@gmail.com
Website: www.kaa.org.au